# Tips on Dealing and Communication with People with Physical Impaired

# ကိုယ်အင်္ဂါမသန်စွမ်းသူများနှင့်စပ်လျဉ်းပြီး သိထားသင့်သည့် အဓိကအချက်များ

(Reference: Aung Zaw Lwin)

# မသန်စွမ်းသူနှင့်ထိတွေ့ဆက်ဆံသောအခါ

- အပြုသဘောမဆောင်သော အမည်နာမ၊ အသုံးအနှုန်းများခေါ်ဝေါ်သုံးစွဲခြင်း ရှောင်ကြဉ်ပါ။

~~မသန်မစွမ်း~~ ~~ထော့ကျိုး~~ ~~ဖိုးထူး~~

~~ဝိုးချဲသမား~~ ~~ဒုက္ခိတ~~

- ကိုယ်အင်္ဂါချွတ်ယွင်းအားနည်းချက်အပေါ် အာရုံမထားဘဲ တန်းတူသဘောထားဆက်ဆံပါ။
- အထူးအဆန်းသဖွယ် စူးစိုက်၊ တွေဝေမကြည့်ပါနှင့်။
- သနားဂရုဏာသက်ဟန်၊ ရင်ထုမနာဖြစ်ဟန် မပြဘဲ စာနာစိတ်အပြည့်ဖြင့် ပေါင်းသင်းဆက်ဆံပါ။





- ကလေးသူငယ်ကဲ့သို့ မဆက်ဆံပါနှင့်။
- ရောဂါသည် လူနာကဲ့သို့ မမြင်ပါနှင့်။
- အခွင့်ထူးခံထိုက်သူကဲ့သို့ သဘောမထားပါနှင့်။



- ကိုယ်တိုင်လုပ်ကိုင်ဆောင်ရွက်နိုင်ခွင့်ကို တက်နိုင်သမျှ ဖန်တီးပေးပါ။
- ကူညီပေးရန် လို/မလို ဦးစွာမေးမြန်းပြီးမှ အကူအညီပေးပါ။

# ကိုယ်အင်္ဂါမသန်စွမ်းသူနှင့် ထိတွေ့ဆက်ဆံသောအခါ



ဘီးတပ်လှည်းအသုံးပြုသူနှင့်
စကားပြောဆိုသောအခါ ဖြစ်နိုင်လျှင်
မျက်လုံးအနေအထားကို
ရေပြင်ညီထားပါ။

ဘီးတပ်လှည်းအသုံးပြုသူ၏
ခေါင်း(သို့) ပခုံးကို တွန်းခြင်း/လှုပ်ခါ
ခြင်း မပြုပါနှင့်။







- ဝှီလ်းချဲအသုံးပြုသူနှင့် စကားပြောဆိုရန်လိုအပ်ပါက တွန်းပေးသူမှ တဆင့်ပြောဆိုခြင်းမျိုးမဟုတ်ဘဲ တိုက်ရိုက်ဆက်သွယ်ပြောဆိုပါ။

- ဝှီလ်းချဲတွန်းတော့မည်ဆိုလျှင် တွန်းတော့မည်ဖြစ်ကြောင်း အသိပေးပါ။

- ကုန်းအတက်ကို တက်သောအခါ ဝှီလ်းချဲနောက်လက်ကိုင်ကို ကိုင်ပြီး နောက်မှတွန်းပေးပါ။

- ကုန်းလျှော/အဆင်းကို ဆင်းလိုလျှင် တွန်းမည့်သူသည် ဝှီလ်းချဲကို နောက်ပြန်အနေအထားဖြင့် ထိန်းပြီးဆင်းပေးပါ။


Wrong


Right




https://www.youtube.com/watch?v=5De_6_Gfjq4



ဂျိုင်းထောက်/လက်ထောက်အသုံးပြုသူများနှင့် ထိတွေ့ဆက်ဆံသောအခါ

- ဂျိုင်းထောက်/လက်ထောက်အသုံးပြုသူကို အကူအညီပေးမည်ဆိုပါကအကူအညီ လို/မလို ပထမဆုံးမေးမြန်းပါ။
- လိုအပ်၍ အကူအညီပေးမည်ဆိုပါက ဂျိုင်းထောက်/လက်ထောက်ကို ဆွဲမခြင်း၊ ဆွဲယူခြင်းမပြုလုပ်ပဲ ကာယကံရှင်အားမေး၍ အထိန်းသဘောမျိုးဖြင့်သာ ကူညီပါ။
- ဂျိုင်းထောက်/လက်ထောက် တစ်ဖက်အသုံးပြုသူကို အကူအညီပေးမည်ဆိုပါက ဂျိုင်းထောက်လက်ထောက်အသုံးပြုသောဘက်၏ ဆန့်ကျင်ဘက်လက်ကို တွဲယူခြင်း၊ တွဲစေခြင်းဖြင့် အကူအညီပေးပါ။
- ဂျိုင်းထောက်/လက်ထောက်ကို အပျော်အပျက်သဘောမျိုးဖြင့် မသန်စွမ်းထံမှ ဆွဲယူပြီး ဆော့ကစားခြင်း/ အဝေးသို့ယူသွားခြင်း မပြုလုပ်ပါနှင့်။ ဂျိုင်းထောက်လက်ထောက်သည် အသုံးပြုသူ မသန်စွမ်းနှင့် အနီးဆုံးတွင်ရှိပါစေ။
- ဂျိုင်းထောက်/လက်ထောက်သည် အသုံးပြုသူမသန်စွမ်း၏ ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုကဲ့သို့ဖြစ်သည်ကို သတိပြုပါ။

ကျေးဇူးတင်ပါသည်